**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

## မြန်မာနိုင်ငံသို့ သွားရောက်မည့် ခရီးသွားများအတွက် အသိပေးကြေညာခြင်း

၁။ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှင့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများပြုနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအနေဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း အလွန်မြင့်မားလာသည့် ထပ်တိုးနိုင်ငံများအပေါ် ယာယီကန့်သတ်ချက်များအစီအမံများအား ချမှတ်လျက်ရှိပါသည်။ သို့ပါ၍ ၂၁-၃-၂၀၂၀ ရက်နေ့မှစတင်၍ နှိုးဆော်ချက် တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်ခြင်း မပြုမီကာလအထိ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့သွားရောက်မည့် ခရီးသွားများ(မြန်မာနိုင်ငံသားများအပါအဝင်)မှ အောက်ဖော်ပြပါ အချက်အလက်များအား သိရှိနိုင်ပါရန်နှင့် လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

- **မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစတင်၍ (၁၄)ရက် သီးသန့်သတ်မှတ်ထားသည့်နေရာများတွင် ထားရှိစောင့်ကြည့်မှု (Facility Quarantine)ပြုလုပ်ခြင်း ခံယူရပါမည်၊**
- **လေယာဉ်ပေါ်သို့ မတက်ရောက်မီ အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမဝခြင်းစသည့် လက္ခဏာများမရှိကြောင်း သက်ဆိုင်ရာနိုင်ငံမှ အသိအမှတ်ပြု ကျန်းမာရေးအဖွဲ့အစည်းများမှ ထုတ်ပေးသည့် ဆေးထောက်ခံစာ (သို့မဟုတ်) ပူးတွဲပါ ကျန်းမာရေးဆေးထောက်ခံစာပုံစံ (Medical Certificate-သက်ဆိုင်ရာဆရာဝန် ထောက်ခံချက်) ပြသရန် လိုအပ်ပါမည်၊ (ခရီးသွားရောက်မည့် နေ့ရက်နှင့် အနီးဆုံးနေ့ရက်တွင် ထုတ်ပေးထားသော ဆေးထောက်ခံစာ)**

၂။ သို့ဖြစ်ပါ၍ ခရီးသွားများ(မြန်မာနိုင်ငံသားများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် (၁၄)ရက် သီးသန့်သတ်မှတ်ထားသည့်နေရာများတွင် ထားရှိစောင့်ကြည့်မှု (Facility Quarantine)ပြုလုပ်ခြင်းအပေါ် အဆင်ပြေမှုမရှိပါက မိမိတို့၏ သတ်မှတ်ခရီးစဉ်များကို ရက်ရွှေ့ဆိုင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့။
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၂၀ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON